
**Panasonic**

# အသုံးပြုပုံ လမ်းညွှန်

လျှပ်စစ်အပူပေးအိုး | အိမ်သုံး

Model No. NC-EG4000
NC-EG3000
NC-EG2200



Panasonic စက်ပစ္စည်းအားဝယ်ယူအသုံးပြုသည့်အတွက်ကျေးဇူးတင်ပါသည်။
ဤစက်ပစ္စည်းအားအသုံးမပြုမီ ကျေးဇူးပြု၍ အသုံးပြုပုံလမ်းညွှန်အား ဖတ်ရှုပြီး လမ်းညွှန်မှုအတိုင်း အသုံးပြုပါ။
ဤထုတ်ကုန်ကို အသုံးမပြုမီ "ဘေးကင်းရေးကြိုတင်ကာကွယ်မှုများ" စာမျက်နှာ(၅ မှ ၇)ကို အထူးဂရုပြုပါ။
ဤထုတ်ကုန်သည် အိမ်သုံးအတွက်သာ ရည်ရွယ်ပါသည်။

# အကြောင်းအရာများ


အဓိကလုပ်ဆောင်ချက်များ....................................................................4

ဘေးကင်းရေး ကြိုတင်သတိပေးချက်များ ....................................................5-7

အစိတ်အပိုင်းအမည်များနှင့် ကိုင်တွယ်ပုံလမ်းညွှန်များ ....................................8-9

အသုံးပြုပုံ ....................................................................................10-11

လွယ်ကူသော အသုံးပြုပုံနည်းများ..........................................................12-13

နေ့စဉ် ပြုပြင်ထိန်းသိမ်းခြင်း ..................................................................14-15

ချို့ယွင်းချက်ဖြစ်ပေါ်ခြင်း ......................................................................16


အစိတ်အပိုင်းများ အစားထိုးခြင်း ..............................................................17

အသေးစိတ်ရှင်းလင်းခြင်း ......................................................................17

# အဓိကလုပ်ဆောင်ချက်များ


## အလွယ်တကူသန့်ရှင်းရေးပြုလုပ်နိုင်

- **အမည်းရောင်သုတ်ထားသော အိုးအတွင်းပိုင်း**
  အိုးအတွင်းပိုင်းကို ဖလူရင်းရည်သုတ်လိမ်းထားပြီး အလွယ်တကူသန့်စင်၊ ထိန်းသိမ်းနိုင်သည်။



## လွယ်ကူသော

- **လျှပ်စစ်ရေထုတ်ခလုတ်**
  (ရေထုတ်ခလုတ် စာမျက်နှာ ၁၀ – ၁၁ ကိုကြည့်ပါ)
- **ကော်ဖီဖျော်ရာတွင် ညင်းသာသောရေထွက်စနစ်**
  **Slow Drip Mode (P.12-13)**



## စွမ်းအင်သက်သာအသုံးပြုနည်း

- **၆ နာရီ အချိန်ပေးသတ်မှတ်ခြင်း**
  (၆ နာရီကြာအချိန်ပေးသတ်မှတ်ခြင်းအကြောင်း စာမျက်နှာ ၁၂ – ၁၃ ကိုကြည့်ပါ)
- **အပူဓာတ်ထိန်းသိမ်းပေးသာ အပူချိန် ၄ မျိုးကို ရွေးချယ်ခြင်း**
  ၉၈/ ၉၀/ ၈၀/ ၇၀ စသည့်အပူချိန်များကို ရွေးချယ်ထိန်းထားနိုင်သည်။
  (အပူဓာတ်ထိန်းခြင်းစနစ် ကို စာမျက်နှာ ၁၂ – ၁၃ တွင်ကြည့်ပါ)



# ဘေးကင်းရေး ကြိုတင်ကာကွယ်မှုများ

**ဤသတိပေးချက်များကိုအတိအကျလိုက်နာပါ**

ကိုယ်တိုင်ဘေးကင်းရန်၊ စက်ပျက်စီးခြင်းမှကာကွယ်ရန်နှင့် အသုံးပြုသူများနှင့်အခြားသူများကိုထိခိုက်မှုမရှိစေရန် အောက်ပါလမ်းညွှန်ချက်များကို အတိအကျလိုက်နာပါ။

■ အချက်ပြများသည် ရေနွေးအိုးကို မှားယွင်းစွာအသုံးပြုမိပါက ဖြစ်ပေါ်တတ်သောထိခိုက်မှုများနှင့်ပျက်စီးခြင်းများကို ညွှန်ပြသည်။

| | |
|---|---|
| ⚠ **WARNING** ဆိုးဆိုးရွားရွားထိခိုက်ခြင်းနှင့် သေဆုံးခြင်းတို့ဖြစ်နိုင်ကြောင်း ညွှန်ပြသည်။ | ⚠ **CAUTION** အသုံးပြုသူ ထိခိုက်ဒဏ်ရာရနိုင်ခြင်း သို့မဟုတ် ထိခိုက်ပျက်စီးနိုင်ကြောင်း ညွှန်ပြသည်။ |


■ သင်္ကေတများသည် လိုက်နာရမည့်အချက်များကို ညွှန်ပြသည်

| | |
|---|---|
| ⃠ ဤသင်္ကေတသည်တားမြစ်ကြောင်းကို ညွှန်ပြသည်။ | ❗ ဤသင်္ကေတသည် မဖြစ်မနေလုပ်ဆောင်ရန်ညွှန်ပြသည်။ |

## ⚠ သတိပေးချက်

### အပူလောင်ခြင်းမှ ကာကွယ်ရန်

- **ဤစက်ပစ္စည်းအား (ကလေးများအပါအဝင်) ခန္ဓာကိုယ်ချို့တဲ့သူများ၊ အာရုံကြောအားနည်းသူများ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာချို့ယွင်းချက်ရှိသူများ သို့မဟုတ် အသုံးပြုရန်ကြိုတင်ညွှန်ကြားပြသပေးခြင်း မပြုလုပ်ထားသူများ အသုံးပြုရန်အတွက် ရည်ရွယ်ခြင်းမဟုတ်ပါ။**
  ကလေးငယ်များ စက်ပစ္စည်းကို ဆော့ကစားခြင်းမပြုလုပ်ရန် စောင့်ကြည့်ကြပ်မတ်ရပါမည်။
- **အိုးအတွင်းမှရေပူများဖိတ်စင်ထွက်ကျခြင်းမရှိပါစေနှင့်။ အိုးကိုအဖုံးမှကိုင်တွယ်၍ သယ်ဆောင်ခြင်း၊ လှုပ်ခါခြင်း၊ စောင်းခြင်း၊ ပင့်မြှောက်ခြင်း မပြုပါနှင့်။**
  ရေထွက်(သွန်)ပေါက်ခလုတ်အားပိတ်ထားသော်ငြားလည်း အိုးကိုစောင်းမိခြင်းနှင့် ထိမိ၍ပြုတ်ကျမိပါက ရေငွေ့ထွက်ပေါက်နှင့်ရေထွက်ပြွန်တို့မှ ရေပူများဖိတ်စင်ကာ အပူလောင်စေနိုင်ပါသည်။
- **အဖုံးကိုစောင့်၍မပိတ်ပါနှင့်။**
  ရေပူများဖိတ်စင်ပြီး အပူလောင်စေနိုင်ပါသည်။
- **ဖော်ပြထားသောအမြင့်ဆုံးအမှတ်ထက်ကျော်လွန်၍ရေကို မဖြည့်ပါနှင့်။**
  အိုးအတွင်းရေများပြည့်လျှံပါက ရေဆူလာသောအခါ ရေပူများ ထွက်ကျနိုင်ပါသည်။ ရေပူများဖိတ်စင်ပြီး အပူလောင်စေနိုင်ပါသည်။
- **ရေမှလွဲ၍အခြားအရာများကို မကျိုပါနှင့်။**
  လက်ဖက်ရည်ကြမ်းအိတ်၊ လက်ဖက်ခြောက်၊ နို့၊ အရက် သို့မဟုတ် ရေမဟုတ်သောအရာများကို ထည့်မကျိုပါနှင့်။ အရည်ပူများဖိတ်စင် ကျပြီး အပူလောင်စေနိုင်ပါသည်။
  ရေထည့်အိုးသည်လည်း အပေါက်များပိတ်ဆို့နိုင်ပြီး အိုးသည်လည်း လောင်ကျွမ်းခြင်း သို့မဟုတ် ဆွေးမြေ့ခြင်းဖြစ်ပေါ်နိုင်ပါသည်။
  ထို့အပြင် သုတ်လိမ်းထားသည့် ဖလူအိုရိုရီစင်းသည်လည်း ကွာကျနိုင်ပါသည်။
- **ရေငွေ့ထွက်ပေါက်အားမပိတ်ပါနှင့်။**
  ရေပူများလျှံထွက်လာနိုင်ပြီး အပူလောင်စေနိုင်ပါသည်။
- **အဖုံးပိတ်ထားလျက် ကျန်ရှိသောရေပူများကို မသွန်ပစ်ပါနှင့်။**
  အဖုံးပြုတ်ထွက်သွားပါက ရေပူများဖိတ်စင်ကာ အပူလောင် စေနိုင်ပါသည်။
- **ရေငွေ့ထွက်ပေါက်အားမထိပါနှင့်။**
  အပူလောင်စေနိုင်ပါသည်။ ကလေးငယ်များ ရေငွေ့ထွက်ပေါက် အား ထိမိခြင်းမှ ရှောင်ကျဉ်ရန် အထူးဂရုစိုက်ပါ။
- **အဖုံးကိုလုံခြုံအောင်ပိတ်ပါ။**
  အဖုံးမပိတ်ပါက ရေပူများဖိတ်စင်ကာ အပူလောင်စေနိုင်ပါသည်။




# ဘေးကင်းရေး ကြိုတင်ကာကွယ်မှုများ

ဤသတိပေးချက်များကိုအတိအကျလိုက်နာပါ

## ⚠ သတိပေးချက်

### ပါဝါကြိုး

- **ပါဝါကြိုးကိုပျက်စီးသွားနိုင်သောအရာတစ်စုံတစ်ခုကို မည်သည့်အခါမျှ မလုပ်မိပါစေနှင့်။**
  မီးပလပ်မှကြိုးကိုဆွဲဖြုတ်ခြင်၊ စက်ကိုယ်ထည်မှကြိုးကို ဆွဲဖြုတ်ခြင်း။
  ၎င်းတို့ကိုပျက်စီးအောင်မလုပ်ပါနှင့်။ ပြုပြင်ဆန်းသစ်ခြင်းမလုပ်ပါနှင့်။
  ပူသောအရာဝတ္ထုများအနီးတွင်မထားပါနှင့်။ မကွေးပါနှင့်။ မလိမ်ပါနှင့်။
  မဆွဲဆန့်ပါနှင့်။ လေးလံသောအရာဝတ္ထုများမဖိမိပါစေနှင့်။ ပျက်စီးနေလျက်နှင့် အသုံးပြုမိပါက လျှပ်စစ်ရှော့ခ်ဖြစ်တတ်ပြီးမီးလောင်စေနိုင်ပါသည်။
  - အကယ်၍ပါဝါကြိုးပျက်စီးသွားပါက တရားဝင်အရောင်းစင်တာမှ ကြိုးသစ်တစ်ကြိုးနှင့်အစားထိုးလဲလှယ်ရပါမည်။
- **ရေစိုလက်ဖြင့် မီးပလပ်မှကြိုးကိုဆွဲဖြုတ်ခြင်း၊ စက်ကိုယ်ထည်မှကြိုးကို ဆွဲဖြုတ်ခြင်း မပြုလုပ်ပါနှင့်။**
  လျှပ်စစ်ရှော့ခ်ဖြစ်တတ်ပါသည်။
- **အိုးကိုယ်ထည်မှပလပ်ပေါက်ကို ကလေးများမထိမိပါစေနှင့်။**
  အိုးကိုချိတ်ဆက်သောပလပ်အား ကလေးငယ်များ ပါးစပ်အတွင်း မထည့်မိစေရန် အထူးသတိပြုပါ။ ထိုသို့ပြုမိခြင်းဖြင့် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ဖြစ်ပေါ်နိုင်ပါသည်။




* နေရာဒေသအလိုက် ပလပ်ခေါင်းပုံသဏ္ဌာန်များပြောင်းလဲနိုင်ပါသည်။

- **အိုးချိတ်ဆက်ပလပ်အနီးအနားတွင် သေးငယ်သောသတ္တုအပိုင်းအစများမထားပါနှင့်။**
  ထိုသို့ပြုမိပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ ဆားကစ်ပြတ်တောက်ခြင်းသို့မဟုတ် လောင်ကျွမ်းခြင်းတို့ဖြစ်စေနိုင်ပါသည်။
- **ပါဝါပလပ်ကြိုးကို ပလပ်ပေါက်အတွင်းသေချာချိတ်ဆက်မိနေအောင် ထည့်သွင်းပါ။**
  ပလပ်ကိုသေချာမထည့်ပါက လျှပ်စစ်ရှော့ခ်ဖြစ်တတ်ပြီး မီးလောင်စေနိုင်ပါသည်။
- **အပေါက်ချောင်သောပလပ်ပေါက်အတွင်း သို့မဟုတ် ပျက်စီးနေသောပလပ်ကိုမထည့်သွင်းပါနှင့်။**
- **လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းမှကာကွယ်ရန် ပါဝါပလပ်နှင့်အိုးချိတ်ဆက်သောပလပ်ကို ပုံမှန်ဖုန်သုတ်သန့်စင်ပေးပါ။**
  ရေစိုထိုင်းနေသောဖုန်များ ကေဘယ်သို့မဟုတ်ပလပ်တွင် စုပုံနေပါက လျှပ်စီးကြောင်းကိုအားနည်းစေပါသည်။
  - ပလပ်ကိုဖြုတ်၍ ခြောက်သွေ့သောအဝတ်စနှင့်သန့်စင်ပါ။
- **အိုးနှင့်ကိုက်ညီသောမီးအားထွက်သည့်တစ်ခုတည်းပလပ်ပေါက်ကိုအသုံးပြုပါ။**
  မီးအားထွက်ပေါက်တစ်ခုတည်းမှ စက်ပစ္စည်းအမျိုးမျိုးကိုချိတ်ဆက်မီးဆွဲပါက အပူတက်စေပြီး မီးလောင်နိုင်စေပါသည်။

### အသုံးပြုနေစဉ်

- **ရေနွေးအိုးကို ရေထဲသို့မနစ်ပါနှင့်၊ သို့မဟုတ် အိုးအပေါ်သို့ရေစက်များမဖိတ်စင်ပါစေနှင့်။**
  - ရေကိုရေပိုက်ခေါင်းမှတိုက်ရိုက်ဖွင့်မထည့်ပါနှင့် သို့မဟုတ် အိုးကို ရေထဲသို့နစ်၍မထည့်ပါနှင့်၊ အိုးအောက်ခြေရေစိုသွားနိုင်ပါသည်။
  - အိုးအောက်ခြေရေစိုနေလျှင် အိုးကို အထက်အောက်ပြောင်းပြန်မလှည့်ပါနှင့်။ ထိုသို့ပြုလုပ်မိပါက အိုးကိုယ်ထည်အတွင်းရှိလျှပ်စစ်အစိတ်အပိုင်းများသို့ ရေဝင်ရောက်ကာ ဆားကစ်ပြတ်တောက်မှုဖြစ်ပြီး လျှပ်စစ်ရှော့ခ်ဖြစ်စေနိုင်ပါသည်။
- **အိုးအစိတ်အပိုင်းများကိုဖြုတ်ခြင်း၊ ပြုပြင်ခြင်း၊ ပြန်လည်မွမ်းမံခြင်းတို့ကို မပြုလုပ်ပါနှင့်။**
  ထိုသို့တစ်စုံတစ်ခုပြုလုပ်မိပါက အိုးသည်ပုံမှန်မဟုတ်တော့ဘဲချို့ယွင်းသွားနိုင်သည့်နည်းတူ မီးလောင်ခြင်းသို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။
  - စစ်ဆေးခြင်းနှင့်ပြုပြင်ခြင်းတို့လုပ်ဆောင်ရန် တရားဝင်ကိုယ်စားလှယ်နှင့်ဆက်သွယ်ပါ။
- **ရေခဲများထည့်၍မသိမ်းပါနှင့်။**
  ရေခဲများပျော်ဝင်ပြီးလျှပ်စစ်ရှော့ခ်ဖြစ်ပေါ်ကာ စက်ချို့ယွင်းနိုင်ပါသည်။

# သတိပေးချက်

## အပူလောင်ခြင်းမှကာကွယ်ရန်

- **မညီညာသောမျက်နှာပြင်ပေါ်တွင်တင်၍ အသုံးမပြုပါနှင့်။**
  ရေနွေးအိုးစောင်းကျပြီး အပူလောင်စေနိုင်ပါသည်။

- **ရေဆူပွက်နေချိန်အဖုံးကိုမဖွင့်ပါနှင့်၊ ရေနွေးများကိုမထုတ်ပါနှင့်။**
  ရေနွေးပူအစက်များသို့မဟုတ်ရေနွေးငွေ့များကြောင့် အပူလောင်စေနိုင်ပါသည်။

- **ရေနွေးပူများကိုထုတ်ယူနေစဉ် အိုးကိုမလှည့်ပါနှင့်။**
  ရေနွေးပူအစက်များကြောင့် အပူလောင်စေနိုင်ပါသည်။

- **ရေနွေးအိုးကိုအသုံးပြုနေစဉ်နှင့်အသုံးပြုပြီးပြီးချင်း ပူသောအစိတ်အပိုင်းများကိုမထိမိပါစေနှင့်။**
  ထိုသို့ပြုမိခြင်းသည် အပူလောင်စေနိုင်ပါသည်။

- **အဖုံးအဖွင့်၊အပိတ်ပြုလုပ်လျှင် လက်များကိုရေနွေးပူအငွေ့များနှင့်မထိမိပါစေနှင့်။**
  ရေနွေးပူအငွေ့များသည် လက်ကိုအပူလောင်စေနိုင်ပါသည်။

- **အိုးကိုသယ်ဆောင်လျှင် အဖုံးဖွင့်ခလုတ်ကိုမထိမိပါစေနှင့်။**
  အဖုံးပွင့်ပြီး အပူလောင်ခြင်းနှင့်အခြားထိခိုက်ဒဏ်ရာရခြင်းတို့ကိုဖြစ်စေနိုင်ပါသည်။

- **ရေနွေးအိုးကိုသန့်ရှင်းရေးပြုလုပ်မည်ဆိုပါက အေးသွားသည်အထိစောင့်ပါ။**
  ပူနေသောအိုးကြောင့် အပူလောင်စေနိုင်ပါသည်။
  - ရေနွေးပူများကိုသွန်ပစ်နေစဉ် အပူမလောင်စေရန် ဂရုပြုပါ။

## ပါဝါကြိုး

- **အခြားပါဝါကြိုးကိုအသုံးမပြုပါနှင့်။ ဤပါဝါကြိုးဖြင့်လည်း အခြားသောစက်များကိုချိတ်ဆက်အသုံးမပြုပါနှင့်။**
  (အခြားသောပါဝါကြိုးများကို အသုံးမပြုဘဲ ဤရေ နွေးအိုးအတွက် သီးသန့်ထုတ်လုပ်ထားသောပါဝါကြိုးကိုသာအသုံးပြုပါ။)
  ဓာသည်စက်ချို့ယွင်းမှုနှင့် မီးလောင်မှုတို့ကိုဖြစ်စေနိုင်ပါသည်။

- **ရေနွေးအိုးကိုအသုံးမပြုလျှင် ပါဝါပလတ်ကို မီးပလပ်ပေါက်မှဖြုတ်ထားပါ။**
  လျှပ်စစ်စီးဆင်းမှုကြောင့် လျှပ်စစ်ရှော့ခ်သို့မဟုတ် မီးလောင်မှုကိုဖြစ်ပေါ်စေနိုင်ပါသည်။

- **ပလပ်ကိုဖြုတ်သောအခါ မီးကြိုးမှမကိုင်ဘဲ ပါဝါပလပ်ခေါင်းမှကိုင်၍ဖြုတ်ပါ။**
  လျှပ်စစ်ရှော့ခ် သို့မဟုတ် ဆားကစ်ပြတ်တောက်မှုကြောင့် မီးလောင်စေနိုင်ပါသည်။

## အသုံးပြုနေစဉ်


- **ကြာမြင့်စွာအပူလောင်ခြင်းကြောင့်ပျက်စီးနိုင်သည့်မျက်နှာပြင်ပေါ်တွင်တင်၍ အသုံးမပြုပါနှင့်။**
  အရောင်လွင့်ခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်စေနိုင်ပါသည်။

- **နံရံများသို့မဟုတ်ပရိဘောဂများအနီးအနားတွင် မထားပါနှင့်။**
  ရေနွေးပူအငွေ့များနှင့်မီးအပူများကြောင့် နံရံများနှင့်ပရိဘောဂများကို ပျက်စီးစေနိုင်ပြီး အရောင်ပြောင်းခြင်းနှင့်ပုံသဏ္ဍာန်ပြောင်းခြင်းတို့ဖြစ်စေနိုင်ပါသည်။

- **ဂတ်စကက်များအဖြူရောင်သန်းလာပါက အစားထိုးလဲလှယ်ပါ။** (စာမျက်နှာ - ၁၇)
  ထိုသို့မဟုတ်ပါက မတော်တဆကြောင့် ရေနွေးအိုးလဲကျသောအခါ ရေနွေးပူများဖိတ်စင်နိုင်ပါသည်။

# အစိတ်အပိုင်းများ၏အမည်များနှင့်ကိုင်တွယ်ပုံလမ်းညွှန်






မြင်နိုင်သောအစွန်းထက်ရေသည် မြင့်နေပါက ရေလယ်ဘယ်အမှတ် ပြကို မြင်နိုင်မည်မဟုတ်ပါ။


**လှည့်နိုင်သောအောက်ခံ (၃၆၀ ဒီဂရီ)**

ရေနွေးအိုးကိုလှည့်ရာတွင် ပါဝါကြိုးကိုအိုးပတ်လည်တွင် မရစ်ပတ်ပါစေနှင့်။


**ဆန်ခါကွက်ရေစစ်**

**(အစားထိုးလဲလှယ်နိုင်သည့်အစိတ်အပိုင်း)**

အတွင်းအိုးအောက်ခြေမှပြုတ်ထွက်လာတတ်သည်။
အနေအထားမှန်ကန်စွာဖိ၍သွင်းပါ။
(စာမျက်နှာ ၁၇)





**ပါဝါကြိုး**





*နေရာဒေသအလိုက် ပလပ်ခေါင်းပုံသဏ္ဍာန်များပြောင်းလဲနိုင်ပါသည်။

## အဖုံးအားဖြုတ်တပ်ပုံ

**အဖုံးကိုဖွင့်ရန် အဖုံးဖွင့်ခလုတ်ကိုဖိ၍ဆွဲမပါ။**




**အဖုံးဖယ်ရှားခလုတ်အားဖိထားစဉ် အပေါ်သို့ တစောင်းဆွဲဖွင့်ထားပါ။**




**ပိတ်ရန်**


"ကလစ်" အသံကြားသည်အထိဖိလိုက်ပါ။

**တပ်ဆင်ရန်**

အဖုံးကိုတစောင်းအနေအထားတပ်ဆင်ပါ။

## အပူလွန်ကဲမှုကာကွယ်ခြင်း

အကယ်၍အတွင်းအိုးအတွင်းဘာမှမပါပဲအပူပေးမိပါက အပူလွန်ကဲမှုကာကွယ်စနစ် (အတွင်းအိုးအတွင်းဘာမှမပါပဲ အပူပေးခြင်းမှကာကွယ်ဟန့်တားပေးသည်) စတင်အလုပ်လုပ်ပါသည်။ အပူလွန်ကဲခြင်းကြောင့်ဖြစ်ပေါ်လာမည့် ဆိုးကျိုးကို ကာကွယ်ရန် ပါဝါမီးအားအလိုအလျောက်ပြတ်တောက်သွားပါမည်။




**အပူလွန်ကဲမှုဖြစ်ပေါ်သည့်အချိန်**

- အိုးအတွင်းအနိမ့်ဆုံးရေအမှတ်အောက်လျော့ကျပြီး ရေနွေးအိုးတည်သည့်အချိန်
- ရေဖြည့်ပြီးသည့်အချိန် အဖုံးဖွင့်လျက်သားကျန်နေခဲ့တတ်သည်။

**အချက်ပြမှုကိုဖျောက်ရန်**

ရေနွေးအိုးအတွင်းရေဖြည့်ပြီး (Reboil) ခလုတ်ကိုနှိပ်ပါ။

**သတိပြုရန်**

အိုးအတွင်းရေမပါဘဲတည်မိပါက အနံ့ထွက်ပြီး အရောင်းများလှွင့်ပြယ်လာနိုင်ပါသည်။

# အသုံးပြုပုံ






**အမြင့်ဆုံးရေမှတ်**
အမြင့်ဆုံးရေအမှတ်ထက် ကျော်လွန်၍ရေမဖြည့်ပါနှင့်။

**အမြင့်ဆုံးရေမှတ်**
အနိမ့်ဆုံးရေအမှတ်ကိုကျော်လွန်၍ ရေဖြည့်ပေးပါ။

## ရေနွေး ဆူအောင် တည်ခြင်း

## ရေထုတ် ပေးခြင်း (လျှပ်စစ်ရေထုတ်စနစ်)

### ရေနွေးအိုးကိုပထဆုံးအကြိမ်စတင်အသုံးမပြုမီ

1. အခြားခွက်တစ်ခုဖြင့်ရေကို အမြင့်ဆုံးအမှတ် ရောက်သည်အထိဖြည့်ပါ။
2. အဖုံးကိုလုံခြုံအောင်ပိတ်ပါ။
3. **Reboil** မီးမှိတ်သည်အထိ ရေကိုဆူအောင်တည်ပါ။
4. ရေနွေးပူများကိုထုတ်ပါ။
5. ပလပ်ဖြုတ်ပြီး အဖုံးကိုဖယ်ရှားပါ။
6. ကျန်ရှိသောရေနွေးပူများကို ရေစီးအမှတ်အသားမှ တစ်ဆင့် ဖြည်းညင်းစွာလောင်းချပါ။

### ရေတွင်ပါသောကလိုရင်းများကိုလျှော့ချခြင်း

အညွှန်းမီးလင်းလာစေရန် (Reboil) ခလုတ်ကိုနှိပ်ပါ။
(ကြာရှည်ဆူပွက်သောစနစ်)

( ရေဆူနေသောအချိန်တွင် တစ်ကြိမ်နှိပ်ပါ။ ရေနွေးပူကို အပူထိန်းသိမ်းထားစဉ် နှစ်ကြိမ်နှိပ်ပါ )


ရေတွင်ပါသောကလိုရင်း ၈၀% အထိကိုဖယ်ရှားရန် ရေဆူချိန်ကို ၆ မိနစ်ပို၍တိုးပေးသည်။


- (Reboil) ခလုတ်ကိုနောက်တစ်ကြိမ်နှိပ်ပါ။


အခြားခွက်တစ်ခုဖြင့်ရေကိုဖြည့်ပါ။ အဖုံးကိုလုံခြုံစွာပိတ်ပါ။

**ရေနွေးအိုးကိုယ်ထည်နှင့်ချိတ်ဆက်သည့်ပလပ်ကို အလျားလိုက်သေချာထိုးသွင်းပါ။**
**နံရံပလပ်ပေါက်အတွင်းပလပ်ကိုထိုးသွင်းပါ။ (စာမျက်နှာ - ၁၀ ⟶ ၁ - ၂)**

အလိုအလျောက်စတင်သည် → ရေဆူသွားလျှင် အောက်ပါအတိုင်းပြသည် → အပူချိန် 90°C ဝန်းကျင်သို့ အလိုအလျောက် လျော့ကျသွားပြီး အပူထိန်းစနစ်သို့အလိုအလျောက် ပြောင်းသွားမည်။




(လက်ရှိအပူချိန်ကိုဖော်ပြပေးသည်)

**ရေဆူပွက်သည်အထိလိုအပ်သောအချိန်**

NC-EG4000: ခန့်မှန်း ၃၅ မိနစ် / NC-EG3000: ခန့်မှန်း ၂၇ မိနစ် / NC-EG2200: ခန့်မှန်း ၂၀ မိနစ်။
(ရေပမာဏ – အမြင့်ဆုံးရေအမှတ် / အခန်းတွင်းအပူချိန် – 20°C)

---

**Lock ဖြုတ်ဖို့ရန် (Lock Unlock Slow Drip) ခလုတ်ကိုနှိပ်ပါ**
ခလုတ်ဘေးမှမီးလင်းလာပါမည်။




ရေနွေးအနည်းငယ်သာစီးကျစေရန်
(Lock Unlock Slow Drip) ခလုတ်ကို ၂ ကြိမ်နှိပ်ပါ။
(ရေနွေးအနည်းငယ်သာစီးကျပုံကို စာမျက်နှာ ၁၂ - ၁၃ တွင်ကြည့်ပါ)





**ရေနွေးများကိုထုတ်ယူရန် (Pour Out) ခလုတ်ကိုနှိပ်ပါ။**

ရေနွေးထုတ်ယူပြီး ၁၀ စက္ကန့်အကြာတွင် (Pour Out) ခလုတ် အလိုအလျောက် Lock ပြန်ကျသွားပါမည်။

---

## ရေနွေးအိုးအားအသုံးမပြုလျှင်


**ပလပ်ဖြုတ်ထားပြီး အဖုံးကိုဖယ်ရှားထားပါ။ ရေနွေးပူအကျန်များကို**
**DRAIN အမှတ်မှတစ်ဆင့် ကုန်စင်အောင်ဖြည်းညင်းစွာလောင်းချပါ။**




**သတိပေးချက်**

- ရေများကိုပြီးစလွယ်မလောင်းချပါနှင့်။
  (အကယ်၍ အဖုံးဖြုတ်အစိတ်အပိုင်းသို့မဟုတ် လုပ်ဆောင်မှုထိန်းချုပ်ပြားပေါ်သို့ ရေစက်များဖိတ်စင်ကျသွားပါက ချို့ယွင်းချက်ကိုဖြစ်ပေါ်စေနိုင်ပါသည်။)
- အတွင်းထဲတွင် ရေချန်မထားခဲ့ပါနှင့်။
  (အတွင်းပိုင်းပုပ်သိုးခြင်း သို့မဟုတ် အနံ့အသက်ဆိုးခြင်းများဖြစ်စေနိုင်သည်)

# လွယ်ကူသောအသုံးပြုနည်းများ




## ပြန်လည်ဆူအောင်တည်ခြင်း

- ကော်ဖီနှင့် လက်ဖက်ရည်ဖျော်ရန်၊ အသင့်စားခေါက်ဆွဲ စသည်တို့ကိုလုပ်စားရန်အတွက် ရေနွေးပူကို အသုံးပြုနိုင် ရန်ရည်ရွယ်ပါသည်။

## ရေနွေးပူကိုထိန်းသိမ်းထားခြင်း

- "80 keep-warm" သည် ရေနွေးကြမ်းခပ်ရန် အတွက်ဖြစ်သည်။
- "70 keep-warm" သည် ကလေးသူငယ်များ အတွက် နို့ဖျော်ရန်ဖြစ်သည်။
  ကလေးငယ်ကိုနို့မတိုက်မီ နို့ကိုအအေးခံဖို့ရန် သို့မဟုတ် ရေချက်အေးနှင့်ရောစပ်ဖို့ရန်မမေ့ပါနှင့်။

- တစ်နေ့တာအပြင်ထွက်ရန်ရှိသည့်အတွက် ရေနွေးအိုးကို ခဏတာအသုံးမပြုတော့လျှင် ...

## ကြာချိန် ၆ နာရီ သတ်မှတ်ခြင်း

- အချိန်သတ်မှတ်ချက်ကိုဖွင့်ထားလျှင် လျှပ်စစ်အပူ ပေးစနစ်သည်ရပ်တန့်သွားသည်

## ကော်ဖီဖျော်ရန်ရေစက်ကျစနစ်

- ရေကိုဖြည်းဖြည်းနှင့်အနည်းငယ်သာထုတ်ပေးသည်။
- ဆူပွက်ပြီးပြီးချင်းတွင် ရေထွက်အားအခက်အခဲရှိနိုင်ခြင်း သို့မဟုတ် ပုံမှန်ရေမထွက်ခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။


**သတိပြုရန်**

- အပူချိန်ထိန်းသိမ်းခြင်းသို့မဟုတ် ကြာချိန်သတ်မှတ်ခြင်းတို့ကို ရေနွေးတည်နေစဉ်နှင့်တည်ပြီးအပူချိန်ထိန်းထားစဉ် သတ်မှတ်ပေးနိုင်ပါသည်။
- မီးပျက်သွားပြီး မီးပြန်လာချိန်တွင် ကြာချိန်သတ်မှတ်ခြင်းနှင့် အပူချိန်ထိန်းသိမ်းမှုကို ၉၈၊ ၈၀ သို့မဟုတ် ၇၀ တို့တွင် သတ်မှတ်ပေးထားခဲ့ပါ သော်လည်း ၉၀ သို့အလိုအလျောက်ပြန်လည်ရောက်ရှိသွားပါမည်။

ရေပူကိုထိန်းသိမ်းထားရင်း ပြန်လည်ဆူပွက်စေလိုလျှင် (Reboil) ● ခလုတ်ကို နှိပ်ပါ။
မီးလင်း

ခဏအကြာတွင် ရေသည်ပြန်လည်ဆူပွက်လာပါမည်။

- သတ်မှတ်ပေးထားသည့် အပူထိန်းသိမ်းခြင်းအပူချိန်သည် ပြောင်းလဲမသွားပေ။





(ရေဆူပြီး)

**ပြန်လည်ဆူပွက်စေခြင်းအတွက် လိုအပ်သောအချိန်**


၉၈ အပူချိန်ထိန်းအတွက် - ခန့်မှန်း ၂ မိနစ်ခွဲမှ ၄ မိနစ်
၉၀ အပူချိန်ထိန်းအတွက် - ခန့်မှန်း ၄ မိနစ်မှ ၆ မိနစ်ခွဲ
၈၀ အပူချိန်ထိန်းအတွက် - ခန့်မှန်း ၆ မိနစ်မှ ၁၂ မိနစ်
၇၀ အပူချိန်ထိန်းအတွက် - ခန့်မှန်း ၇ မိနစ်မှ ၁၄ မိနစ်

( ရေပမာဏ - အမြင့်ဆုံးအမှတ်
အခန်းတွင်းအပူချိန် - 20°C )

(Select) ခလုတ်ကိုနှိပ်ပါ




ခလုတ်တစ်ကြိမ်နှိပ်တိုင်း “ ● ” မှတ်သည် နောက်ထပ်ရွေးချယ်စရာသို့ပြောင်းသွားပြီး အပူချိန်ထိန်း သို့မဟုတ် ကြာချိန်သတ်မှတ်ခြင်းတို့ကို ပြောင်းလဲပေးသည်။





(၈၀ အပူချိန်ထိန်းကိုရွေးချယ်ရာတွင်)

ခဏအကြာတွင် ရေသည်ခန့်မှန်းအပူချိန် 80°C သို့ပြောင်းလဲသွားမည်။

**သတ်မှတ်အပူချိန်ထိန်းသို့ရောက်ရန် လိုအပ်သောအချိန်**

90 → 98 အပူချိန်ထိန်းအတွက် - ခန့်မှန်း ၂ မိနစ်မှ ၃ မိနစ်
90 → 80 အပူချိန်ထိန်းအတွက် - ခန့်မှန်း နာရီဝက်မှ ၁ နာရီ
90 → 70 အပူချိန်ထိန်းအတွက် - ၁ နာရီခွဲမှ ၂ နာရီခွဲ

( ရေပမာဏ - အမြင့်ဆုံးအမှတ်
အခန်းတွင်းအပူချိန် - 20°C
ယခင်အပူချိန်ထိန်း - 90°C )




**၆ နာရီကြာပြီးနောက်တွင် အချိန်သတ်မှတ်ချက်ပြီးဆုံးသွားပြီး ရေသည်စတင်ဆူပွက်လာပါမည်။**
ရေသည်သတ်မှတ်အပူချိန်သို့ရောက်အောင်ဆူပွက်လာသောအခါ ၉၀ ဒီဂရီဆဲလ်ဆီးယပ်စ်တွင် အပူချိန်ထိန်းသိမ်းခံရပါမည်။

(Lock Unlock / Slow Drip) ● မီးလင်း **ကို နှစ်ကြိမ်နှိပ်ပါ။ ကော်ဖီဖျော်ရန်အတွက်** (Pour Out) **ခလုတ်ကိုနှိပ်ပါ။**

- ရေကိုထုတ်ပေးပြီး ၃၀ စက္ကန့်အကြာတွင် အလိုအလျောက်ပြန်ပိတ်သွားသည်။
- ရေနွေးပူကိုနောက်ထပ်ထည့်လိုလျှင် ၃၀ စက္ကန့်မတိုင်မီ (Pour Out) ခလုတ်ကိုနှိပ်ပါ။
- (Pour Out) ခလုတ်ကို မနှိပ်ပါက ၁၀ စက္ကန့်အတွင်း ၎င်းသည် (Pour Out) အလိုအလျောက်ပြန်ပိတ်သွားပါမည်။

(Lock Unlock / Slow Drip) ခလုတ်ကိုတစ်ကြိမ်နှိပ်တိုင်း အောက်ပါအတိုင်းလုပ်ဆောင်ချက်ပြောင်းလဲသွားပါမည်။

→ အလိုအလျောက်ပိတ် → ရေထွက်ပေါက်မီးလင်း → ရေဖြည်းညင်းစွာထွက် (မီးလင်း) →

# နေ့စဉ်ထိန်းသိမ်းကိုင်တွယ်ခြင်း


( မသန့်စင်မီ မီးပလပ်ပေါက်မှပါဝါကြိုးကိုဖြုတ်ထားရမည်။ ရေကိုထုတ်ပြီး အိုးကိုအေးအောင်ထားရမည်။ )

## အိုးကိုယ်ထည်နှင့်အဖုံး

**သေချာညစ်ထားသောရေစိုအဝတ်ဖြင့်သန့်စင်ပါ။**

- အိုးကိုယ်ထည်ကိုရေထဲနစ်ခြင်း၊ ရေစွတ်ခြင်းမလုပ်ပါနှင့်။

  ( အကယ်၍အိုးကိုယ်ထည်အတွင်းသို့ အောက်ခြေမှတစ်ဆင့်သို့မဟုတ် ရေထွက်ပေါက်မှတစ်ဆင့် ရေဝင်ပါက အိုးကိုယ်ထည်အတွင်းရှိလျှပ်စစ်အစိတ်အပိုင်းများအတွင်းသို့လည်းရောက်ရှိနိုင်ပြီး ယွင်းချက်ကိုဖြစ်စေနိုင်ပါသည်။ )




- ဆပ်ပြာမှုန့်ကိုအသုံးမပြုပါနှင့်။ (အနံ့ စွဲကျန်စေပါသည်)
- ဘန်ဇင်း သို့မဟုတ် တင်နာကိုအသုံးမပြုပါနှင့်။ (၎င်းတို့သည်မျက်နှာပြင်ကိုထိခိုက်ပျက်စီးစေနိုင်ပါသည်)

## အတွင်းအိုး

**ရေစိုဖော့အပျော့နှင့်သန့်စင်ပါ**

- ပေါလစ်မှုန့်၊ ပွတ်တိုက်ဘရပ်ရှ်၊ သို့မဟုတ် နိုင်လွန်ဘရပ်ရှ်တို့ကို အသုံးမပြုပါနှင့်။



( အတွင်းအိုးအတွင်းရှိ ဖလူအိုရိုစင်းကို ပျက်စီးစေပါသည်။ )


### "Scale" ဆိုသည်မှာ

ရေနွေးအိုးကိုအသုံးပြုနေစဉ် (ကယ်လ်စီယမ်ကဲ့သို့သော) ရေထဲတွင်ပါဝင်သောသတ္တုဓာတ်များသည် အတွင်းအိုး သို့မဟုတ် ဆန်ခါကွက်စိပ်ရေစစ်တွင်ကပ်ကျန်ခဲ့ပါသည်။ ၎င်းဖြစ်စဉ်ကို Scale ဟုခေါ်ပြီး ၎င်းသည် ဘေးဥပါဒ်မဖြစ်စေပါ။

- နို့နှစ်ရောင်အစက်အပျောက်မျက်နှာပြင် (ကယ်လ်စီယမ်ကြောင့်ဖြစ်သည်)
- ရေတွင်ပေါ်သောအဖြူရောင်လက်လက်သတ္တုစများ (သတ္တုပုံဆောင်ခဲများ)
- အညိုရောင်၊ သို့မဟုတ် အစိမ်းရောင်အကွက်များ ကဲ့သို့သော အတွင်းအိုးရှိအရောင်လွှင့်ပြယ်သောနေရာများ၊

၎င်းတို့သည် အတွင်းအိုး အရောင်လွှင့်ခြင်း သို့မဟုတ် ဆွေးမြည့်ခြင်း မဟုတ်ပါ။ ဖလူအိုရိုစင်းကွာကျခြင်းလည်းမဟုတ်ပါ။

**အတွင်းအိုးကိုဆိုက်ထရစ်အက်စစ်အသုံးပြုပြီး သန့်စင်ပါ။ (စာမျက်နှာ ၁၅)**




## ဆန်ခါကွက်စိပ်ရေစစ်

**ရေစစ်ကိုဘရပ်ရှ်ဖြင့်သန့်စင်ပါ။**

ရေစစ်ပိတ်ဆို့မိပါက ရေသည်ချောမွတ်လွယ်ကူစွာမစီးဆင်းပါ။

* ရေစစ်ကိုသန့်စင်ပြီးပါက အတွင်းအိုးအတွင်းပြန်လည်တပ်ဆင်ပြီးကြောင်းစစ်ဆေးပါ။




### ရေနွေးအိုးကိုသိမ်းဆည်းရာတွင်

- သေချာခြောက်သွေ့အောင်ထားပါ
- ပလပ်စတစ်အိတ်အတွင်းသိမ်းဆည်းပြီး ပိုးကောင်များမဝင်အောင်ကြိုးချည်ပိတ်ထားပါ။


## ဆိုက်ထရစ်အက်စစ်အသုံးပြုပြီး အတွင်းအိုးကိုသန့်စင်နည်း

( နှစ်လသုံးလတစ်ကြိမ် အတိုင်းအတာဖြင့် ရှင်းလင်းရန် )



**1** အိုးအတွင်းပိုင်းရှိ ဆန်ခါကွက်စိပ်ရေစစ်ကိုတပ်ဆင်ထားပါ။

**2** အတွင်းအိုးအတွင်းသို့ ဆိုက်ထရစ်အက်စစ်ကိုထည့်ပါ။





- တစ်ကြိမ်စာအသုံးပြုရမည့်ပမာဏ – ၈၀ ဂရမ် (၂ထုတ်) သို့မဟုတ် စားပွဲဇွန်း၇ ဇွန်း

* ဆိုက်ထရစ်အက်စစ်မရှိပါက သံပရာသီးပါးပါး ၂ ချပ်ကိုအဝတ်စပါးပါးနှင့်ပတ်ပြီး အိုးအတွင်းသို့ထည့်ပါ။
(သံပရာသီး၏သန့်စင်ပေးနိုင်မှုသည် ဆိုက်ထရစ်အက်စစ်ထက် အားလျော့နည်းပါသည်။)

**ဆိုက်ထရစ်အက်စစ်ကိုတရားဝင်အရောင်းစင်တာတွင်ဝယ်ယူနိုင်ပါသည်။ (မော်ဒယ်အမှတ် : SAN-80N)**


* ဆိုက်ထရစ်အက်စစ်အထုပ်တွင်ရေးထားသော သန့်စင်ပုံအညွှန်းအတိုင်းလိုက်နာပါ။
* အသုံးပြုနေသောဆိုက်ထရစ်အက်စစ်သည် အစားအစာများတွင်ထည့်သွင်းအသုံးပြုရသောအရာဖြစ်သည့်အတွက် လူကိုဆိုးကျိုး မဖြစ်စေပါ။

**3** အမြင့်ဆုံးရေအမှတ်သို့ ရေကိုထည့်ပါ။ ပြီးနောက်ဆိုက်ထရစ်အက်စစ်နှင့် ရေကို သေချာရောစပ်ပါ။ အဖုံးကိုပိတ်ပါ။




**4** ပလပ်ကိုချက်ချင်းချိတ်ဆက်ပြီး (Select) ခလုတ်ကို ၃ စက္ကန့်ထက်ကျော်လွန်၍နှိပ်ပါ။

**သန့်စင်မှုစတင်**





သန့်စင်ခြင်းစတင်ကြောင်း အချက်ပြမည်



| သန့်စင်မှုကြာချိန်(ခန့်မှန်းခြေ) | |
|---|---|
| NC-EG4000 | : ၅၀ မိနစ် |
| NC-EG3000 | : ၄၂ မိနစ် |
| NC-EG2200 | : ၃၅ မိနစ် |

**သန့်စင်မှုပြီးဆုံး**




သန့်စင်ခြင်းပြီးဆုံးကြောင်း အချက်ပြမည်

**5** ရေအနည်းငယ်ထုတ်လိုက်ပါ၊ ပလပ်ကိုဖြုတ်ပါ၊ အဖုံးကိုဖယ်ရှားပါ၊ ပြီးနောက် ရေနွေးပူများကို **Drain** လမ်းကြောင်းမှတစ်ဆင့်လောင်းချပါ။

**6** ဆိုက်ထရစ်အက်စစ်သို့မဟုတ်သံပရာအနံ့များကို ဖယ်ရှားရန် ရေပြန်ဖြည့်ပြီးဆူအောင်ပြန်တည်ပါ။ ပြီးနောက် အဆင့် **5.** အတိုင်း ရေနွေးကို သွန်ပစ်ပါ။

- အမြင့်ဆုံးရေအမှတ်အထက်ရှိ အရောင်လွင့်သောနေရာများကိုဖယ်ရှားရန် အတွင်းပိုင်းကို ရေစိုဖော့နှင့်ဖြည်းညင်းစွာပွတ်တိုက်ပါ။
- ပွတ်တိုက်ခြင်းဖြင့်အရောင်လွင့်ခြင်းမဖယ်ရှားပါက အတွင်းအိုးကို ဆိုက်ထရစ်အက်စစ်သို့မဟုတ်သံပရာသီးဖြင့်အကြိမ်ကြိမ်သန့်စင်ပါ။

**ကြိုတင်သတိပေးချက်**

- ကျေးဇူးပြု၍ အိုးအတွင်းပိုင်းကိုသန့်စင်ရန် ဆိုက်ထရစ်အက်စစ်ကိုအသုံးပြုပါ။
- အမြင့်ဆုံးရေချိန်အမှတ်ထက်ကျော်လွန်၍ ရေကိုမဖြည့်ပါနှင့်။
- အတွင်းအိုးကို ရေပိုက်ခေါင်းမှရေဖြင့်သာဖြည့်ပါ။ (ရေပူမဖြည့်ပါနှင့်)။ ရေပူများဖိတ်စင်ပြီး အပူလောင်စေနိုင်ပါသည်။

# ချို့ယွင်းချက်ဖြစ်ပေါ်ခြင်း

ဝန်ဆောင်မှုဌာနကိုမခေါ်မီ ကျေးဇူးပြု၍ အောက်ပါဖြစ်နိုင်ခြေ တို့ကိုစစ်ဆေးပါ။

| အကယ်၍ | ဖြစ်နိုင်ခြေအကြောင်းအရာ | ပြုပြင်ရန် |
|---|---|---|
| **White or glittering flakes floating in the hot water. Rough milky white substancess are adhered to inner container.** | • The cause of this is "scale". (see P.14) It is not flakes of fluororesin. *Water with a large content of minerals in it such as mineral water or ionized water, is more likely to cause a scale or white layer in the hot water. | • Clean the inner container with a wet soft sponge. (See P.14) • If the "scale" still remained, clean with citric acid. (See P.15) |
| ရေဆူပွက်သံပို၍ ကျယ်လောင်ခြင်း | • Scale စုပုံလာသောအခါ ရေဆူပွက်သံပို၍ ကျယ်လောင်လာသည် | |
| ရေနွေးတွင် ကလိုရင်းအနံ့ ထွက်ခြင်း | • ကလိုရင်းအနံ့ကျန်နေခြင်းသည် ရေတွင်ပါဝင်သော ကလိုရင်း ပမာဏပေါ် မူတည်ပါသည်။ | • ကလိုရင်းလျှော့ချရန် Reboil ခလုတ်ကိုနှိပ်ပါ။ (စာမျက်နှာ - ၁၀) |
| ရေနွေးတွင်မကောင်းသော အနံ့ ထွက်ပေါ်ခြင်း | • ရေနွေးအိုးအသစ်ဖြစ်လျှင် ဓာတ်ပြုရည်အနံ့အနည်းငယ်ရနိုင်ပါသည်။ ဤအနံ့သည် အသုံးပြုနေရင်း ကွယ်ပျောက်သွားပါမည်။ • အကယ်၍ ရေနွေးအိုးကို ဗီနိုင်းမျက်နှာပြင်ပေါ်တွင်တင်ထားပါက အနံ့သည်ရေနှင့်အတူ ပါလာနိုင်ပါသည်။ | |
| ရေနွေးပူများ အလိုလိုစီးကျလာခြင်း | • အမြင့်ဆုံးအမှတ်ထက်ကျော်လွန်၍ ရေကိုဖြည့်ထားသည်။ | • ရေကိုလျှော့ချပါ။ |
| ရေနွေးပူများ ကောင်းစွာမထွက်ပါ | • ဆန်ခါကွက်ရေစစ်တွင် Scale များပိတ်ဆို့နိုင်ပါသည်။ (စာ - ၁၄) • အတွင်းအိုးတွင် Scale များ စုရုံးလာပြီး ရေနွေးများလည်း နည်းနေပါက ရေနွေးများကောင်းစွာစီးထွက်မည်မဟုတ်ပါ။ • ရေဆူပွက်ပြီးပြီးချင်း ရေနွေးများကောင်းစွာစီးထွက်မည် မဟုတ်ပါ။ | • ရေစစ်ကို ဘရပ်ရှ်နှင့်သန့်စင်ပါ။ • အကယ်၍ Scale များကိုဖယ်ရှား၍မရပါက ရေစစ်ကိုလဲလှယ်ပါ။ (စာ - ၁၇) |
| အချက်ပြမီးများ အလှည့်ကျလင်းသည် | • အပူလွန်ကဲမှု ကာကွယ်ခြင်းကို ဖွင့်ထားသည်။ (စာ - ၉) | • ရေဖြည့်၍ Reboil ခလုတ်ကို နှိပ်ပါ။ |
| | • အချက်ပြမီးများအလှည့်ကျလင်းခြင်းမှာ ရေနွေးပူများကိုဖြည့်ခြင်း သို့မဟုတ် ရေကိုဖြည့်သည့်ပုံစံပေါ်တွင်မူတည်ပါသည်။ | • Reboil ခလုတ်ကို နှိပ်ပါ။ |
| | • အကယ်၍အတွင်းအိုးကို ဆိုက်ထရစ်အက်စစ်ဖြင့်သန့်စင်ပါက ၎င်းသည်အိုးအောက်ခြေတွင်စုရုံးလာနိုင်ပါသည်။ | • ပလပ်ကိုဖြုတ်၍ဆိုက်ထရစ်အက်စစ်စုဝေးလာရန် ကောင်းစွာမွှေပေးပါ။ |
| ရေနွေးငွေ့များ ထွက်မလာခြင်း | • အလိုအလျောက်ပိတ်သော ခလုတ်ကျနေခြင်းဖြစ်သည်။ | • Lock Unlock Slow Drip ခလုတ်ကို နှိပ်ပါ။ |


- အထက်ပါဖြစ်နိုင်ခြေအကြောင်းအရာများကိုစစ်ဆေးပြီး အကယ်၍ချို့ယွင်းချက်ကို မပြုပြင်နိုင်ပါက သို့မဟုတ် တစ်စုံတစ်ခုမှားယွင်းကြောင်းထင်မြင်မိပါက အိုးနှင့်ချိတ်ဆက်သော ပလပ်ကိုဖြုတ်ပါ။ ၁ စက္ကန့်ခန့်စောင့်ပါ။ ပြီးနောက်ပလပ်ကို ပြန်လည်ချိတ်ဆက်ပါ။
- အဖုံးအတွင်းပိုင်းတစ်ဝက်မြင်ရသော အကြည်ရောင်သည် အဝါရောင်သန်းလာနိုင်ပါသည်။ ဤသို့ဖြစ်ခြင်းသည် ရေနွေးအိုး၏လုပ်ဆောင်ချက်များကို မထိခိုက်စေပါ။
- ရေနွေးအိုးအဖုံးထက်ကျော်လွန်၍ရေများလျှံထွက်ခြင်းကို ကာကွယ်ပေးသော ဘောလုံးသဏ္ဌာန်အစိတ်အပိုင်းအသေးလေးကြောင့် အသံဆက်တိုက်ထွက်ပေါ်သည်။
- အခန်းအပူချိန်အလွန်မြင့်မားပါက အိုးအပြင်ဘက်မျက်နှာပြင်သည် 55°C သို့ ရောက်နိုင်ပါသည်။

| | | |
|---|---|---|
| ရေနွေးအိုးမီးဖွင့်မရပါ | • ရေကိုရေပိုက်ခေါင်းမှ တိုက်ရိုက်ရေဖြည့်နေသည်။ | • လျှပ်စစ်အစိတ်အပိုင်းများကို ရေတွင် ယူဆောင်လာပါက ၎င်းတို့သည် ပျက်စီး နိုင်ပါသည်။ ပြုပြင်ရန် ဝယ်ယူခဲ့သောဆိုင်ကို ဆက်သွယ်ပါ။ |
| | • ရေနွေးအိုးကိုရေထဲသို့နှစ်ထားသည်။ | |
| | • ရေနွေးအိုးကို အောက်ခြေရေစိုအနေအထားဖြင့် ပြောင်းပြန်လှန်ထားသည် | |
| | • ရေနွေးအိုးကို ရေတွင်ဆေးကြောနေသည်။ | |
| **"Reboil"** နှင့် **"80"** အချက်ပြမီး တစ်လှည့်စီ လင်းသည် | • ဆင်ဆာချို့ယွင်းခြင်းကြောင့်ဖြစ်သည်။ • ပြုပြင်ရန် ဝယ်ယူခဲ့သောဆိုင်ကိုဆက်သွယ်ပါ။ | |

# အစိတ်အပိုင်းများ အစားထိုးခြင်း

## ရာဘာဂတ်စကက်အပိုင်း


အကယ်၍ ဂတ်စကက်များပြတ်တောက်ခြင်း၊ လေမလုံခြင်း၊ သို့မဟုတ် ရေနွေးအိုးနှင့် အဖုံးကြားမှ ရေနွေးငွေ့များ ထွက်ပေါ်လာပါက ၎င်းတို့ကို လဲလှယ်ပါ။




အဖုံးကိုဖယ်ရှားပါ။ ဝက်အူလှည့် ၃ ခုကိုဖြုတ်ပြီး အဖုံးကာဗာကို ဖယ်ရှားပါ။ ဂတ်စကက်များကိုလဲလှယ်ပါ၊ ပြီးနောက်အဖုံး ကာဗာကိုပြန်တပ်ပါ၊ ပြီးနောက် ခိုင်မာအောင် ဝက်အူလှည့်ဖြင့်လှည့်၍ ကြပ်ပါ။

## ဆန်ခါကွက်စိပ်ရေစစ်

အကယ်၍ပြင်ပမှ အရာတစ်စုံတစ်ခုပိတ်ဆို့နေပြီး ဘရပ်ရှ်နှင့် ပွတ်တိုက်ဖယ်ရှား၍ပင် မရတော့ပါက ရေစစ်ကိုလဲလှယ်ပါ။




### အစိတ်အပိုင်းများအစားထိုးလဲလှယ်မည်ဆိုပါက တရားဝင်အရောင်းကိုယ်စားလှယ်ကို ဆက်သွယ်ပါ။

| အစိတ်အပိုင်းအမည် | အစိတ်အပိုင်းနံပါတ် |
|---|---|
| ရာဘာဂတ်စကတ်အစုံ | APH65-480 |
| ဆန်ခါကွက်အစိပ်ရေစစ် | APB97-480-0U |

# အသေးစိတ်ရှင်းလင်းခြင်း

| မော်ဒယ်နံပါတ် | | NC-EG4000NC | EG3000NC | EG2200 |
|---|---|---|---|---|
| ပါဝါမီးအား | | 220Vg 50Hz | | |
| ပါဝါမီးအားသုံးစွဲမှု | | 700 W | | |
| ရေပူကိုထိန်းသိမ်းစဉ် သုံးစွဲသောပါဝါမီးအား ပျမ်းမျှ(ခန့်မှန်း) (ရေပမာဏ - အများဆုံး အခန်းတွင်းအပူချိန် 20°C) | at 98 | 49 Wh | 45 Wh | 40 Wh |
| | at 90 | 43 Wh | 39 Wh | 33 Wh |
| | at 80 | 35 Wh | 31 Wh | 27 Wh |
| | at 70 | 30 Wh | 26 Wh | 23 Wh |
| ထုထည်ပမာဏ (လက်ကိုင်ကိုစောင်း၍ ထားစဉ်) | အမြင့် (ခန့်မှန်း) | 32.4 cm | 27.5 cm | 23.8 cm |
| | အကျယ် (ခန့်မှန်း) | 21.7 cm | 21.7 cm | 21.7 cm |
| | အနက် (ခန့်မှန်း) | 28.7 cm | 28.7 cm | 28.7 cm |
| အလေးချိန် (မီးကြိုးအပါအဝင်) (ခန့်မှန်း) | | 2.2 kg | 2.1 kg | 2.0 kg |
| ဝင်ဆံ့သည့် ပမာဏ (ခန့်မှန်း) | | 4.0 L | 3.0 L | 2.2 L |

* မြင့်မားသောအရပ်နှင့် အလွန်အေးသောအရပ်ဒေသကဲ့သို့သော အခြေအနေများတွင် ရေနွေးအိုးသည် ကောင်းစွာအလုပ်လုပ်မည်မဟုတ်ပါ။ ထိုဒေသများတွင် ဤရေနွေးအိုးကိုအသုံးပြုခြင်းမှ ရှောင်ကျဉ်ပါ။

* အကယ်၍ရေနွေးအိုးကို အေးသောအချိန်တွင် အသုံးမပြုပါက အတွင်းမှရေများကိုဖယ်ရှားထားရန်လိုအပ်ပါသည်။ ရေကျန်များသည်အတွင်းအိုးအတွင်း အငွေ့ပြန်ပြီးအိုးကို ပျက်စီးစေနိုင်ပါသည်။

Panasonic Corporation
Website : http://www.panasonic.com
© Panasonic Corporation 2015

PZ05Y693
TP0815E0
Printed in Thailand